# အာရှအမေရိကန် အရင်းအမြစ်စင်တာ

ASIAN AMERICAN RESOURCE CENTER



အဖုံးအနုပညာလက်ရာကို Essentials Creative မှ ဖန်တီးသည်

## 23 ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီရင်ခံစာ

အောက်တိုဘာ 1ရက်၊ 2022–စက်တင်ဘာ 30ရက် 2023







# ဘာသာပြန်ဆိုခြင်းများ

عربى

Tiếng Việt

中文

한국어

မြန်မာစာမြန်မာစာမြမြန်မာာစာ

# မာတိကာ


ဝန်ထမ်း 4

မန်နေဂျာထံမှ ပေးစာ 5

ရည်မှန်းချက်၊ မျှော်မှန်းချက်၊ စံတန်ဖိုးများ 6

လူငယ်အစီအစဉ်များ 7

အရွယ်ရောက်ပြီးသူများအတွက် အစီအစဉ်များ 9

သက်ကြီးအစီအစဉ် 11

ပြပွဲအစီအစဉ် 13

အထူးအခမ်းအနားပွဲများ 15

စေတနာ့ဝန်ထမ်း အစီအစဉ် 17

ရပ်ရွာအသိုက်အဝန်း မိတ်ဖက်ပြုဆောင်ရွက်မှုများ 18

23 ခု ဘဏ္ဍာရေးနှစ် အခမ်းအနားပွဲများ 19


## 24 ခု ဘဏ္ဍာရေးနှစ် စစ်တမ်း

လာမည့် ဘဏ္ဍာရေးနှစ် (အောက်တိုဘာ 2024 မှ စက်တင်ဘာ 2025) အတွက် ကျွန်ုပ်တို့၏အစီအစဉ်များကို ကျွန်ုပ်တို့ကြိုတင်စီမံနိုင်ရန် ကျေးဇူးပြု၍ ဤစစ်တမ်းငယ်ကို ဖြေဆိုပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် စံတန်ဖိုးများနှင့်အညီ အစီအစဉ်ရေးဆွဲခြင်းနှင့် ရပ်ရွာအသိုက်အဝန်း တည်ဆောက်ခြင်းကို အကောင်အထည်ဖော်ဆောင်ရန် မျှော်လင့်နေပါသည်။

# အချိန်ပြည့် ဝန်ထမ်းများ

TONY K VO ၊ ယဉ်ကျေးမှုနှင့် အနုပညာ ပညာရေးမန်နေဂျာ

BIANCA XOYAMAYAGUA-GALVAN ၊ ယဉ်ကျေးမှုနှင့် အနုပညာ ပညာရေး ကြီးကြပ်သူ

LEILA GRACE PANDY PAGARANI ၊ ယဉ်ကျေးမှုနှင့် အနုပညာ ပညာရေး ညှိနှိုင်းဆောင်ရွက်သူ

ARMIN PANJVANI ၊ ဈေးကွက်ရှာဖွေရေး ကိုယ်စားလှယ် A

FABIAN DURAN ၊ အခမ်းအနားပွဲ ညှိနှိုင်းဆောင်ရွက်သူ

MIKE MIYASAKI ၊ အဆောက်အအုံများနှင့် ခြံဝင်းထိန်းသိမ်းရေး လက်ထောက်

VAN DOAN ၊ အပန်းဖြေအနားယူမှု အစီအစဉ်များဆိုင်ရာ ပညာရှင်

QUINN IN ၊ ပြပွဲစီမံရေး ပညာရှင်

MELISSA CANLAPAN ၊ စီမံအုပ်ချုပ်ရေး ပညာရှင်



# အချိန်ပိုင်း ဝန်ထမ်းများ

MIRANDA DE LA REA ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အပန်းဖြေအနားယူမှု စီမံရေး ပညာရှင်

MARLON HEDRICK ၊ ယဉ်ကျေးမှုနှင့် အနုပညာ လှုပ်ရှားဆောင်ရွက်မှု ခေါင်းဆောင်

SRAAVYA CHINTALAPATI ၊ ယဉ်ကျေးမှုနှင့် အနုပညာ လှုပ်ရှားဆောင်ရွက်မှု ပညာရှင်

BETTY BEDFORD ၊ ရုံးအကူ II

BERNADETTE BERMUDEZ ၊ ရုံးအကူ I

JONATHAN TAN ၊ ယဉ်ကျေးမှုနှင့် အနုပညာ လှုပ်ရှားဆောင်ရွက်မှု ပညာရှင်

JIN KIM ၊ ယဉ်ကျေးမှုနှင့် အနုပညာ လှုပ်ရှားဆောင်ရွက်မှု ခေါင်းဆောင်

KRISTINA NGUYEN ၊ ဂရပ်ဖစ်ဒီဇိုင်နာ

NIRALI THAKKAR ၊ ယဉ်ကျေးမှုနှင့် အနုပညာ လှုပ်ရှားဆောင်ရွက်မှု ပညာရှင်

SEON-JU BICKLEY ၊ VISTA စေတနာ့ဝန်ထမ်း ညှိနှိုင်းဆောင်ရွက်သူ

RASHAD MUHAMMAD ၊ အခမ်းအနားပွဲ ဝန်ထမ်း

PABLO de ARRIBA ၊ အခမ်းအနားပွဲ ဝန်ထမ်း

MARYAM CHILIPACHI ၊ အခမ်းအနားပွဲ ဝန်ထမ်း

# မန်နေဂျာထံမှ ပေးစာ

မင်္ဂလာပါ၊ ရပ်ရွာအသိုက်အဝန်း အစုအဖွဲ့ဝင်များနှင့် မိတ်ဆွေများခင်ဗျာ၊

အာရှအမေရိကန် အရင်းအမြစ်စင်တာ (AARC) မှ ယဉ်ကျေးမှုနှင့် အနုပညာ ပညာရေးမန်နေဂျာတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ နှစ်ပတ်လည် အစီရင်ခံစာကို သင်တို့အား မျှဝေပေးရသည့်အတွက် ဂုဏ်ယူမိပါသည်။ 2023 ဘဏ္ဍာရေးနှစ် (အောက်တိုဘာ 2022 မှ စက်တင်ဘာ 2023) သည် COVD-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပြီးနောက် ကျွန်ုပ်တို့ တစ်နှစ်အပြည့် ပြန်၍လည်ပတ်ဆောင်ရွက်သည့် ပထမဆုံးနှစ် ဖြစ်ပြီး ဤကာလ အတွင်း မှတ်တိုင်များနှင့် အမှတ်တရများစွာ ဖန်တီးပေးခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့၏ နှစ်ပတ်လည် CelebrASIA Austin အခမ်းအနားပွဲတွင် တက်ရောက်သူဦးရေ စံချိန်တင်ခဲ့ချိန်မှစ၍ ကျွန်ုပ်တို့၏ သက်ကြီးအစီအစဉ်ကို မွမ်းမံပြင်ဆင်ခြင်းနှင့် ကွဲပြားစုံလင်အောင် လုပ်ဆောင်ခြင်းအထိ AARC ဝန်ထမ်းတို့သည် ရပ်ရွာအသိုက်အဝန်း တည်ဆောက်ရေးနှင့် Austin မြို့၏ ကြွယ်ဝသော အရောင်အသွေးစုံ အာရှအမေရိကန်နှင့် ပစိဖိတ် ကျွန်းသား (AAPI) ယဉ်ကျေးမှုကို အားဖြည့်ပံ့ပိုးပေးခြင်းအားဖြင့် အလုပ်ရှုပ်နေပါသည်။

အသက်အရွယ်အမျိုးမျိုးရှိသော ဧည့်သည်များနှင့် ပါဝင်သူများအပေါ် ကောင်းမွန်သော သက်ရောက်မှုရှိခဲ့သည့် ရပ်ရွာအသိုက်အဝန်းအခြေပြု အစီအစဉ်များနှင့် ကနဦးလှုပ်ရှားဆောင်ရွက်မှုများတွင် အင်တိုက်အားတိုက် လုပ်ကိုင်ခဲ့ကြသော ကျွန်ုပ်၏ဝန်ထမ်းများအားလုံးကို ကျေးဇူးစကား ပြောဆိုလိုပါသည်။ ယဉ်ကျေးမှု၊ အနုပညာနှင့် ပညာရေးအပေါ် သင်၏ကြိုးပမ်းအားထုတ်မှုများနှင့် နှစ်မြှုပ်ဆောင်ရွက်မှုတို့ကြောင့် AARC သည် ကျွန်ုပ်တို့ရပ်ရွာအသိုက်အဝန်း၏ ယဉ်ကျေးမှုဆိုင်ရာ အုတ်မြစ်တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်၏ မန်နေဂျာသက်တမ်း တစ်နှစ်တာကာလအတွင်း ထိုသို့ သော စူးစိုက်နှစ်မြှုပ်ပြီး ဂရုစိုက်တတ်သော လုပ်ဖော်ကိုင်ဖက်များနှင့်အတူ လက်တွဲလုပ်ရသည်မှာ ပျော်ရွှင်စရာကောင်းပြီး ရပ်ရွာအသိုက်အဝန်း၏ တစ်စိတ်တပိုင်းအဖြစ် ခံစားရပါသည်။

ယခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ကျွန်ုပ်တို့၏ အောင်မြင်မှုများကို ရှုမြင်နိုင်ပြီး ပျော်ရွှင်စရာကောင်းသော အခိုက်အတန့်များနှင့် ကြည်လင်လှပ သောမျက်နှာများဖြင့် ပြည့်နှက်နေပါသည်။ ကျွန်ုပ်တို့၏ နှစ်ပတ်လည်အစီရင်ခံစာသည် နှစ်ပတ်လည်စာအုပ်သာမက ရပ်ရွာအသိုက်အဝန်းအတွက် တုံ့ ပြန်ချက်ပေးရန် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။ ဤစာမျက်နှာများတွင် သင့်ကို အသိအမှတ်ပြုထားကြောင်း ခံစားရမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပြီး နှစ်သစ်မှာ ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုဆိုပါသည်။

လေးစားစွာဖြင့်

**TONY KHIEM VO**

ယဉ်ကျေးမှုနှင့် အနုပညာ ပညာရေးမန်နေဂျာ

# ရည်မှန်းချက်

အာရှအမေရိကန် အရင်းအမြစ်စင်တာ၏ ရည်မှန်းချက်မှာ Austin မြို့နှင့် အခြားနေရာများရှိ အာရှအမေရိကန် ရပ်ရွာအသိုက်အဝန်းများအတွက် သက်ဆိုင်မှုရှိပြီး ကူညီစောင့်ရှောက်ပေးသည့် ဝန်းကျင်တစ်ခု တည်ဆောက်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းကို ရပ်ရွာအသိုက်အဝန်း ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်ပြုလုပ်ဆောင်မှုများ၊ နေရာငှားပေးခြင်း၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာကြံ့ခိုင်ရေး အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်းနှင့် အနုပညာနှင့် သမိုင်းဆိုင်ရာ ပြပွဲများ ရွေးချယ်တင်ဆက်ပြသခြင်းအားဖြင့် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏မတူကွဲပြားသော ရပ်ရွာအသိုက်အဝန်းများကို ထောက်ပံ့ပေးပြီး ချိတ်ဆက်နေရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စံတန်ဖိုးများနှင့် မျှော်မှန်းချက်တို့ ဖြင့် ဦးဆောင်လုပ်ကိုင်ပါသည်။

# မျှော်မှန်းချက်

လူသားအားလုံး မိမိတို့နှင့် သက်ဆိုင်သည်ဟု ခံစားရသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်လာရန် ကျွန်ုပ်တို့ မျှော်မှန်းထားပါသည်။ ကျွန်ုပ်တို့၏ အာရှတိုက်သား အခြေချနေထိုင်မှုသည် ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ်စု၊ နိုင်ငံသားနှင့် ရွှေ့ပြောင်းနေထိုင်မှု သမိုင်းအမျိုးမျိုးကို ကိုယ်စားပြုပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရပ်ရွာအသိုက်အဝန်းများမှာ ရှုပ်ထွေးကြောင်း၊ တူညီမှုနှင့် ကွဲပြားမှုများ ရှိကြောင်း အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုများ၊ ကျွန်ုပ်တို့၏ ကြိုးစားရုန်းကန်မှုများနှင့် သမိုင်းကြောင်းများကို မျှဝေသည့်အခါ ကျွန်ုပ်တို့သည် အချင်းချင်းကုစားပေးနိုင်ပြီး ပါဝင်ဆင်နွှဲနိုင်သည့် နေရာတစ်ခုကို ဖန်တီးပေးပါသည်။ ကျွန်ုပ်တို့ ရပ်ရွာအသိုက်အဝန်းတစ်ခု ဖန်တီးသည့်အခါ ရပ်ရွာအသိုက်အဝန်းအားလုံးနှင့် သက်ဆိုင်မှုရှိပါသည်။

# စံတန်ဖိုးများ

မတူကွဲပြားမှု - ကျွန်ုပ်တို့၏ ယဉ်ကျေးမှုများနှင့် သမိုင်းကြောင်းများကို အသိအမှတ်ပြုခြင်း။

စည်းလုံးညီညွတ်မှု - ကျွန်ုပ်တို့အချင်းချင်းအကြားနှင့် အခြားအသားအရောင်ရှိသော ရပ်ရွာအသိုက်အဝန်းများအကြား အပြန်အလှန်ချိတ်ဆက်နေကြောင်း အသိအမှတ်ပြုခြင်း။

ငြိမ်းချမ်းရေး - ကုစားပေးနိုင်ပြီး စည်းလုံးညီညွတ်သည့် ဝန်းကျင်တစ်ခု ဖန်တီးခြင်း။

ပူးပေါင်းဆောင်ရွက်ခြင်း - ဆက်ဆံရေးများတည်ဆောက်ခြင်းနှင့် ပူးပေါင်းဖန်တီးခြင်း။


မျိုးဆက်အချင်းချင်းကြား ချိတ်ဆက်ခြင်း - ဖြစ်စဉ်ဇာတ်လမ်းများမှတစ်ဆင့် ချိတ်ဆက်ခြင်း။

ဂုဏ်ပြုဆင်နွှဲခြင်း - ကျွန်ုပ်တို့၏ အချင်းချင်းချိတ်ဆက်နေသော ကိုယ်ပိုင်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ဂုဏ်ပြုဆင်နွှဲခြင်း။

# လူငယ်အစီအစဉ်များ

ယခုနှစ်တွင် AARC သည် မိတ်ဖက်ဆက်ဆံရေးအသစ်များနှင့် ရပ်ရွာအသိုက်အဝန်း၏ နှစ်သက်သည့် အရာများမှတဆင့် ရပ်ရွာအသိုက်အဝန်းအတွက် လူငယ်နှင့် မျိုးဆက်များအကြား ချိတ်ဆက်ရေးကို အလေးထားသည့် အစီအစဉ်အမျိုးမျိုးကို ကျင်းပခဲ့ပါသည်။ 2022 ခုနှစ် ဆောင်းဦးရာသီတွင် တက္ကဆက်လူ့အကျိုးဆောင်အဖွဲ့အစည်း (Texas Humanities) ၏ အကူအညီအပြင် တက္ကဆက်တက္ကသိုလ် အာရှအမေရိကန်ဆိုင်ရာ လေ့လာမှုပညာရပ်စင်တာ (University of Texas Center for Asian American Studies (CAAS)) နှင့် အာရှတက္ကဆက် တရားမျှတရေးအဖွဲ့ (Asian Texans for Justice (ATJ)) တို့နှင့် ပူးပေါင်း၍ AARC သည် ရုပ်ပြဝတ္ထုများ၊ အင်တာဗျူးများနှင့် ဒီဂျစ်တယ်အကြောင်းအရာ ဖန်တီးမှုမှတစ်ဆင့် အာရှအမေရိကန် သမိုင်းနှင့် မိသားစုသမိုင်းကို စူးစမ်းလေ့လာသည့် 8 ပတ်ကြာ ပညာပေးအစီအစဉ်တစ်ခုဖြစ်သော အာရှအမေရိကန် လူငယ်အသံမြှင့်တင်ရေး အဖွင့်စုစည်းတွေ့ဆုံပွဲကို ကျင်းပခဲ့သည်။ AARC အနေဖြင့်လည်း စင်တာတွင် ဘာသာစကားနှစ်မျိုးနှင့် ဘာသာစကားပေါင်းစုံ ပုံပြင်ပြောချိန်ကို ကြိုဆိုခဲ့ပြီး COVID မဖြစ်မီကာလနောက်ပိုင်း ပထမအကြိမ်အဖြစ် နွေဦးရာသီ အားလပ်ချိန်အတွင်း လူကိုယ်တိုင် ပုံပြင်ပြောအစီအစဉ်ကို ကျင်းပပေးခဲ့သည်။ ဒေသတွင်း အာရှအမေရိကန် ကလေးစာအုပ် စာရေးဆရာများနှင့် သရုပ်ဖော်ပညာရှင်များဖြစ်သည့် Irene Kang နှင့် Cathy Lu တို့က စင်တာသို့ လာရောက်ကြပြီး လူငယ်ပါဝင်သူများနှင့် မိသားစုများကို ၎င်းတို့၏စာအုပ်များ ဖတ်ပြခဲ့သည်။ AARC သည် ကလေးများအတွက် ကမ္ဘာအနှံ့အပြားမှ ချက်ပြုတ်နည်းများနှင့် အစာအာဟာရ ကျန်းမာရေးကို အလေးထားသည့် 10 ပတ်တာ ကာလ အခမဲ့ချက်ပြုတ်ရေးစီးရီးတစ်ခုကို တင်ဆက်ရန် Common Threads နှင့်လည်း မိတ်ဖက်ဆောင်ရွက်ခဲ့သည်။

**အစီအစဉ်များအားလုံးတွင် ပါဝင်သူလူငယ် 577 ဦး ရှိခဲ့ပါသည်**



*"၎င်းကို သူ အလွန်နှစ်သက်ပြီး လေ့လာသင်ယူနိုင်သည့်အရာ အများအပြားရှိခဲ့ပါသည်။ စိတ်ကူးကြည့်နိုင်ပါသည်၊ ဘားနတ် (BURNET) တွင် သူ၏ရိုးရာအမွေအနှစ်နှင့် အခြားအာရှတိုက်သားများ၏ ယဉ်ကျေးမှုများအကြောင်း လေ့လာသင်ယူရန် သူ့အတွက် အခွင့်အလမ်းအများအပြားမရှိပါ။ ဤအချိန်သည် သူ့အတွက် အလွန်အကျိုးရှိပါသည်။ (သူ နောက်နှစ် လာလို့ရမလားဟုပင် မေးမြန်းနေပါသည်)"*

လူငယ်အသံ မြှင့်တင်ပေးသော မိဘ




“သူ့ကို အာရှအမေရိကန် ယဉ်ကျေးမှုနှင့် ထိတွေ့ခွင့်ပေးသည့် ဤအရင်းအမြစ် ရှိလာသည်ကို ကျွန်ုပ် အမှန်တကယ်ကျေးဇူးတင်ပါသည်။ ဤနေရာမှာ မိသားစုအသိုင်းအဝိုင်း မရှိသည့်အတွက် သူ့အား ကျွန်ုပ်မိခင်၏ ဇာစ်မြစ်ကို ပြသရန် အလွန်အားထုတ်ခဲ့ရပါသည်။ နွေဦးရာသီအားလပ်ရက်သာမဟုတ်ဘဲ တစ်နှစ်ပတ်လုံး လူငယ်ကလေးများအတွက် အခမ်းအနားပွဲအများအပြားရှိလျှင် ကျွန်ုပ် အမှန်တကယ်ကျေးဇူးတင်မိပါမည်။”

**နွေဦးရာသီ ပုံပြင်ပြောချိန်တွင် ပါဝင်ခဲ့သည့် မိသားစု**

# ဝန်ထမ်းများ၏ ဆင်ခြင်သုံးသပ်ချက်

LEILA GRACE PANDY PAGARANI



2022 ခုနှစ်တွင် ကျွန်ုပ်တို့ ပြန်လည်ဖွင့်လှစ်သည့်အချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် AARC သည် စင်တာတွင် အသက်အရွယ်အမျိုးမျိုးနှင့် ကိုက်ညီသင့်တော်သည့် အပတ်စဉ် လူငယ်အစီအစဉ်များ ပုံမှန်ကျင်းပခြင်းကို မြင်တွေ့ခဲ့ပါသည်။ စင်တာကို အသက်ဝင်စေသည့် ကလေးငယ်များ စင်တာသို့ ပြန်လည်ရောက်ရှိလာသည်ကို မြင်ရသည်မှာ ပျော်စရာကောင်းပြီး ဝန်ထမ်းများနှင့် ရပ်ရွာအသိုက်အဝန်းအဖို့ လူငယ်မျိုးဆက်သစ်များအပေါ် အချိန်ပေးပြီး အလေးထားခြင်း၏ အရေးပါမှုကို သတိရစေပါသည်။ ယခုနှစ်တွင် သမိုင်း သင်ကြားခြင်းနှင့် မိသားစုမှတ်တမ်းပုံပြင်များအား မှတ်တမ်းတင်ရေးသားခြင်းကို အဓိကထားသည့် အစီအစဉ်များမှတစ်ဆင့် လူငယ်များနှင့် အရွယ်ရောက်လူကြီးများအတွက် မျိုးဆက်အချင်းချင်းကြား ထိတွေ့ချိတ်ဆက်ခွင့်များ များနိုင်သမျှများများ ထောက်ပံ့ပေးရန် အလေးထားပါသည်။ နောက်နှစ်တွင် ကျွန်ုပ်တို့၏ လူငယ်များအတွက် စီစဉ်ပံ့ပိုးမှုများကို ပို၍တိုးချဲ့ပေးရန်နှင့် ဆယ်ကျော်သက်များအတွက်ပါ အစီအစဉ်များ ပံ့ပိုးပေးရန် မျှော်လင့်ထားပါသည်။





# အရွယ်ရောက်ပြီးသူများအတွက် အစီအစဉ်များ

2022-2023 ခုနှစ်သည် အရွယ်ရောက်လူကြီးများဆိုင်ရာ AARC အစီအစဉ်များအတွက် အစီအစဉ်ရေးဆွဲမှုများ ပြည့်နှက်နေသော နှစ်တစ်နှစ်ဖြစ်သည်။ ယခုနှစ်သည် 2020 ခုနှစ်နောက်ပိုင်း စင်တာတွင် သာမန်ပြည်သူလူထုအတွက် အစီအစဉ်များ အရှိန်အဟုန်အပြည့်နှင့် လည်ပတ်သည့် ပထမဆုံးနှစ်တစ်နှစ်ဖြစ်သည်။ ထိုအရာနှင့် အတူ စင်တာတွင် ရုပ်ရှင်တင်ဆက်မှုများနှင့် ချီးကျူးဂုဏ်ပြုပွဲများမှ ဒေသခံ AAPI ဖန်တီးသူများကို ထောက်ပံ့သည့် ဈေးကွက်များအထိ အစီအစဉ်အမျိုးမျိုး ဖြစ်ပေါ်လာပြီး Hyphenated Book Club နှင့် AAPI ဂီတပညာရှင်များကို ပံ့ပိုးပြီး မီးမောင်းထိုးပြသည့် ဂီတစီးရီးတစ်ခု ဖြစ်သော Tones ကို ပြန်လည်ဖော်ဆောင်ပေးသည်။ ယဉ်ကျေးမှုနှင့် အနုပညာအစီအစဉ်များအပြင် စင်တာသည် ကျန်းမာရေးပွဲတော်များ၊ တရားရေးရာ ကူညီပေးရေးစင်တာနှင့် စိတ်ကျန်းမာရေးနှင့် မျိုးဆက်များ အချင်းချင်းကြား ချိတ်ဆက်မှုများကို အလေးထားဆောင်ရွက်သည့် အထူးအစီအစဉ်များကဲ့သို့ အရင်းအမြစ်အပေါ် အလေးထားသည့် အစီအစဉ်အမျိုးမျိုးကို ကျင်းပပါသည်။ အာရှတက္ကဆက် တရားမျှတရေးအဖွဲ့ (Asian Texans for Justice (ATJ)) နှင့် ပူးပေါင်းဆောင်ရွက်၍ AARC သည် စိတ်ကျန်းမာရေးပညာရှင်များ ဦးဆောင်ဆွေးနွေးသည့် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ခုနှင့် တင်ဆက်မှုအစီအစဉ်များ ပါဝင်သော မျိုးဆက်များအကြား ဆက်သွယ်ရေးနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အစီအစဉ်ဖြစ်သည့် ထမင်းစားပြီးပြီလား (Have You Eaten Yet) အစီအစဉ်ကို ကျင်းပခဲ့ပါသည်။



**အစီအစဉ်များအားလုံးတွင် အရွယ်ရောက်လူကြီး 1741 ဦး ပါဝင်ခဲ့သည်**

*"ဒါက စိတ်ပိုင်းဆိုင်ရာအရ အင်မတန်မှ အထောက်အကူပေးပါတယ်"*
**HYPHENATED တက်ရောက်သူ**





"စကားပြောဆိုဆွေးနွေးမှုတွေ + လူတွေ + လူတိုင်းရဲ့ အတွေးအမြင်တွေ + တချို့လမ်းညွှန်မှုတွေကို ကျွန်ုပ် နှစ်သက်ပါတယ်။"

**HYPHENATED တက်ရောက်သူ**




# ဝန်ထမ်းများ၏ ဆင်ခြင်သုံးသပ်ချက်

LEILA GRACE PANDY PAGARANI

လူထုအတွက် AARC မှ ကျင်းပသော အစီအစဉ်များနှင့် အခမ်းအနားပွဲများသည် ကျွန်ုပ်တို့၏အမည်နာမတွင် "အရင်းအမြစ်" ဟူသော ဝေါဟာရမှာ မည်မျှကျယ်ပြန့်ကြောင်း မီးမောင်းထိုးပြပါသည်။ ယင်းသည် ယဉ်ကျေးမှုနှင့် အနုပညာမှ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကဲ့သို့ အခြေခံလိုအပ်ချက်များအထိ လူတစ်ဦး၏ အလုံးစုံလိုအပ်ချက်များကို လွှမ်းခြုံပါသည်။ AARC သည် ကျွန်ုပ်တို့ရပ်ရွာအသိုက်အဝန်းအတွင်း ကျင်လည်လှုပ်ရှားနေသူများ၏ ဘဝကို ရှုထောင့်ပေါင်းစုံတွင် ပံ့ပိုးပေးရန် ကြိုးပမ်းလျက် ယခုနှစ်ကို ကုန်ဆုံးခဲ့ပါသည်။ Austin ရပ်ရွာအသိုက်အဝန်းသည် အသစ်အသစ်သော ရပ်ရွာအသိုက်အဝန်းများနှင့် ရှိနေဆဲအသိုက်အဝန်းများနှင့်အတူ နှစ်စဉ်နှစ်တိုင်း ကြီးထွားလာသည့်အတွက် ဤရပ်ရွာအသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်ရန် မျှော်ကိုး၍ Austin သို့ ပြန်လာသည့် အာရှတက္ကဆက်လူဦးရေမှာ မြင့်တက်လာကြောင်း ကျွန်ုပ်တို့ မြင်တွေ့နေရပြီး ၎င်းတို့သည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင်ရှိသော စွမ်းအားကြောင့် အံ့သြရပါသည်။ လူများစွာတို့သည် မိမိတို့အား ကြည့်ရှု နားထောင်ပေးခြင်း ခံရသည့်အတွက်သာမက ယဉ်ကျေးမှုဆိုင်ရာ အခြေခံထားသော အစီအစဉ်များ၊ အခမ်းအနားပွဲများနှင့် အဓိပ္ပာယ်ရှိရှိ ထိတွေ့ချိတ်ဆက်ခြင်းမှတစ်ဆင့် ၎င်းတို့၏ခရီးနှင့် ၎င်းတို့၏ အာရှအမေရိကန် တက္ကဆက် စူးစမ်းလေ့လာမှုကို အထောက်အကူပြုသော ရုပ်ဝတ္ထုနေရာတစ်ခု ရှိလာခြင်းအတွက်လည်း စိတ်လှုပ်ရှားပျော်ရွှင်နေကြပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေဆဲဖြစ်ပြီး ရပ်ရွာအသိုက်အဝန်းအတွင်း ကျင်လည်လှုပ်ရှားသူများစွာအနေဖြင့်လည်း ကျွန်ုပ်တို့၏ အစီအစဉ်များနှင့် အခမ်းအနားပွဲများမှ အကျိုးကျေးဇူးရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ 2023 အစီအစဉ်ရေးဆွဲမှုနှစ်သည် ကျွန်ုပ်တို့အတွက် အလားအလာရှိသော အနာဂတ်၏ ရှေ့ပြေးလက္ခဏာတစ်ခု ဖြစ်မည်ဟု မျှော်လင့်ပါသည်။

# သက်ကြီးအစီအစဉ်



2022-2023 ခုနှစ်တွင် AARC ၏ သက်ကြီးအစီအစဉ်သည် အသက် 50 နှင့်အထက်ရှိသော လူကြီးများအတွက် လူကိုယ်တိုင်တက်ရောက်နိုင်သည့် ကဏ္ဍများကို ဆောင်ရွက်ပေးသည့်အပြင် အွန်လိုင်းနှင့် လူကိုယ်တိုင်တက်ရောက်နိုင်သည့် နှစ်မျိုးစပ် ကျန်းမာကြံ့ခိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ပေးခဲ့ပါသည်။ ဤအစီအစဉ်သည် ယခုနှစ်တွင် ပါဝင်သူအရေအတွက်နှင့် မတူကွဲပြားမှု သိသိသာသာများပြားလာသည်ကို တွေ့ကြုံရသည်။ အစပိုင်းတွင် တစ်နေ့လျှင် အစီအစဉ်၌ပါဝင်သူ ပျမ်းမျှ 5-10 ဦးရှိပြီး အများစုမှာ တစ်ပတ်လျှင် တစ်ရက်သာ တက်ရောက်ကြပါသည်။ လက်ရှိတွင် တစ်နေ့လျှင် အစီအစဉ်၌ပါဝင်သူ 45-50 ဦးရှိပြီး သက်ကြီး 15-20 ဦးခန့်မှာ ရက်ပေါင်းများစွာ အစီအစဉ်အများအပြား တက်ရောက်ကြပါသည်။ ကျွန်ုပ်တို့၏ သက်ကြီးအစီအစဉ်သည် ကျွန်ုပ်တို့၏မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုမပါဘဲ အောင်မြင်မည်မဟုတ်ပါ။

သက်ကြီးအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ သက်ကြီးများအား အသက်အရွယ်ကြီးရင့်လာသည်နှင့် ကြုံတွေ့လာရမည့် နေ့စဉ်အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် သက်ကြီးများနှင့် ၎င်းတို့၏ မိသားစုများအတွက် စိတ်ပိုင်းဆိုင်ရာ ပညာရေးအလုပ်ရုံဆွေးနွေးပွဲများနှင့် ဘဝကုန်ဆုံးရေး အရင်းအမြစ်များ ပံ့ပိုးပေးရန်ဖြစ်သည်။ AARC သက်ကြီးများအနေဖြင့် အမှန်တကယ်အကျိုးဖြစ်ကြောင်း တွေ့ရှိရသော အစီအစဉ်နှစ်ခုမှာ ကြိုတင်စောင့်ရှောက်မှု စီမံရေးစီးရီးများနှင့် ကျွန်ုပ်တို့၏ စိတ်အတက်အကျမြန်ရောဂါဆိုင်ရာ ယုံမှားမှုများ ခြေဖျက်ရေး (Bipolar Disorder MythBusters) အလုပ်ရုံဆွေးနွေးပွဲတို့ ဖြစ်သည်။ အစီအစဉ်နှစ်ခုစလုံးသည် သက်ကြီးများအတွက် သေခြင်းတရား၊ ပူဆွေးသောက၊ စိတ်ကျန်းမာရေးနှင့် မိသားစုဆက်ဆံရေးနှင့် ပတ်သက်သည့် မပြောအပ်ဟု သတ်မှတ်ထားသော အကြောင်းအရာများကို စူးစမ်းလေ့လာရန် အခွင့်အလမ်းများ ပေးပါသည်။

> *"အကြောင်းအရာတစ်ခုမှာ လူအများက သင့်ကို နှုတ်ဆက်သည့်နည်း ဖြစ်သည်။ သင့်ကို နွေးထွေးစွာ ကြိုဆိုသည်ဟု ခံစားရသည်။ ၎င်းမှာ ဤနေရာ၏ ယဉ်ကျေးမှုဖြစ်သည်။ လူသစ်တစ်ယောက် လာရောက်သည့်အခါတိုင်း ၎င်းတို့သည် သူနှင့် ဖော်ရွေစွာ ဆက်ဆံပြီး သူ့အိမ်မှာရှိနေသကဲ့သို့ ခံစားစေသည်။"*
>
> **သက်ကြီးအစီအစဉ် ပါဝင်သူ**

# ဝန်ထမ်းများ၏ ဆင်ခြင်သုံးသပ်ချက်

VAN DOAN နှင့် MIRANDA DE LA REA




ဤကဲ့သို့သော အစီအစဉ်အမျိုးအစားများမှာ ရှိနေရန်လိုအပ်ပြီး ကျွန်ုပ်တို့၏ သက်ကြီး အာရှတိုက်သား ရပ်ရွာအသိုက်အဝန်းများကို အချက်အလက်သစ်များနှင့် ရင်းမြစ်များ ပံ့ပိုးပေးပါသည်။ ၎င်းတို့သည် နားလည်မှုလွဲခြင်းများကို ဖြေရှင်းကာ တိုက်ဖျက်ပေးပြီး ၎င်းသည် အမည်းစက်များကို ပြန်လည်ပယ်ဖျက်ရာတွင် ပထမအဆင့်ဖြစ်သည်။ ပါဝင်သူများအား ၎င်းတို့၏ခံစားချက်များနှင့် အတွေးအခေါ် များကို ပြန်လည်ပြုပြင်ပြီး အသက်အရွယ် အိုမင်းရင့်ရော်ခြင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုပေါင်းစာနာမှုကို ဖွံ့ဖြိုးစေပါသည်။ ၎င်းတို့အားလုံးသည် ကျွန်ုပ်တို့၏ ကြီးထွားပြောင်းလဲလာနေသော သက်ကြီးအစီအစဉ်တွင် ပါဝင်သူများ၏ အသိုက်အဝန်းအတွက် အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်သည်။

ယခုနှစ် သက်ကြီးအစီအစဉ် အတွေ့အကြုံသည် ဝန်ထမ်းများနှင့် ပါဝင်သူများအတွက် ကျွန်ုပ်တို့အစီအစဉ်၏ စစ်မှန်သောအတိုင်းအတာနှင့် အရည်အသွေးသက်ရောက်မှုကို မီးမောင်းထိုးပြခဲ့ပါသည် —ပါဝင်သူအများအပြားသည် သက်ကြီးအစီအစဉ်ကို လူမှုပေါင်းသင်းဆက်ဆံရေး၊ ဗဟုသုတနှင့် ရင်းမြစ်များ ရရှိရေးနှင့် ၎င်းတို့၏ ရပ်ရွာအသိုက်အဝန်းနှင့် သက်တူရွယ်တူများနှင့် ချိတ်ဆက်မှုရှိသည့် ခံစားချက်ဖြစ်စေရေးတို့အတွက် ၎င်းတို့ဘဝ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှုမြင်ကြသည်။ ယင်းသည် ရပ်ရွာအသိုက်အဝန်း အခြေပြုအစီအစဉ်၏ သက်ရောက်မှုကို ဖော်ထုတ်ရန်နှင့် တိုင်းတာရန် အတွေးအမြင်သစ်တစ်ခုကို ရရှိစေပါသည်။ ကျွန်ုပ်တို့၏ မိတ်ဖက်ဆောင်ရွက်မှုများနှင့် ပူးပေါင်းမှုများမှတစ်ဆင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံတွင် ပါဝင်လုပ်ဆောင်သူများ၏ ကမ္ဘာလောကနှင့် ကမ္ဘာ့အမြင်ကို တိုးချဲ့နိုင်ပါသည်။






**ပါဝင်သူ 4,712 ဦး**


**အစားအစာ တည်ခင်းကျွေးမွေးခဲ့သည့် သက်ကြီးဦးရေ 6,269 ဦး**

*"ယင်းမှာ လူမှုရေးကဏ္ဍဖြစ်သည်။ ယင်းမှာအိမ်နှင့် နီးသည်။ သင့်အနေဖြင့် မိတ်ဆွေဖွဲ့နိုင်သည်။ ယင်းကို ကျွန်ုပ်တို့ နှစ်သက်ပါသည်။ ပြုံးရယ်နေသောသူများကို ကျွန်ုပ် နှစ်သက်ပါသည်။ ယင်းမှာလူမှုရေး ဆက်သွယ်မှုဖြစ်သည်။ ဤနေရာ၌ ရှိသောသူများမှာ ပြုံးရယ်နေတတ်ပြီး နားလည်မှုရှိသည်။ ထိုသို့သောသူများမှာ သင် ဆက်သွယ်မျှဝေပေးလိုသည့် လူအမျိုးအစားဖြစ်သည်။"*

**သက်ကြီးအစီအစဉ် ပါဝင်သူ**

# ပြပွဲအစီအစဉ်

**အနုပညာရှင် 92 ဦး**
**နွေဦး/နွေရာသီ ပြပွဲ ကြည့်ရှုသူ 12,450 ဦး**
**ဆောင်းဦး/ဆောင်းရာသီ ပြပွဲ ကြည့်ရှုသူ 10,148 ဦး**




ကျွန်ုပ်တို့၏ ပြပွဲပညာရှင်သစ် Quinn In ၏ ဦးဆောင်မှုအောက်တွင် AARC မှ အောက်ပါတို့အပါအဝင် ပြပွဲအသစ် 12 ပွဲကို စီစဉ်တင်ဆက်ခဲ့သည်

- အာရှမျှော်မှန်းချက် (Visions of Asia)
- ရပ်ရွာအသိုက်အဝန်း စူးစမ်းရှာဖွေခြင်း (Seeking Community)
- Jae Kwon ပါဝင်သရုပ်ဆောင်သည့် AVAFEST 2022
- ပင်လယ်ဖြတ် ပေါင်းကူးတံတားထိုးခြင်း (Bridging the Seas)
- ဖန်တီးမှုစွမ်းရည်ဖြင့် ခံနိုင်ရည်ကို ရှာဖွေခြင်း- Silk Club ATX
- Veeny Revilla's Sad Girls
- Perlas ng Austin - အနုပညာများမှတစ်ဆင့်
- တမလွန်လောက- ဇင်ဥယျာဉ် - Essentials Creative
- AARC အဆင့် 2 အဆောက်အအုံ တိုးချဲ့ခြင်း
- မှတ်ဉာဏ်ဥယျာဉ် [တိုက်စားမှု]
- Anthopoeia- ပန်းပွင့်များဖန်တီးခြင်း - တက္ကဆက်ပြည်နယ်အနှံ့ AAPI+ စက္ကူအာရုံ အနုပညာရှင်များ၏ စက္ကူအာရုံ ဓာတ်ပုံစုစည်းချက်
- Jae-Eun Suh ၏ အနုပညာအဖွဲ့ မော်ကွန်းတိုက်

ယခုနှစ်ရွေးချယ်ထားသော အနုပညာရှင်များသည် အာရှတိုက်သားများ၏ ပျံ့နှံ့နေထိုင်မှုအတွေ့အကြုံအတွင်း ကြုံတွေ့ရသည့် ဇာတ်ကြောင်းများ စုံလင်ကွဲပြားမှုကို ကိုယ်စားပြုပါသည်။

ရပ်ရွာအသိုက်အဝန်း ပြပွဲအစီအစဉ်သည် အနုပညာရှင်များနှင့် ပြပွဲများအတွက် ဖိတ်ခေါ်မှု အစီအစဉ်သစ်နှစ်ခုကို စတင်ခဲ့ပြီး AAPI တက်သစ်စ အနုပညာရှင်များအတွက် ထပ်လောင်းဖြည့်စွက်ထားသည့် ပြန်ကြားရေးအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ AARC အနေဖြင့် ပြပွဲအနုပညာရှင်များအတွက် ၎င်းတို့၏ တစ်မူထူးခြားသော အစီအစဉ်တင်ဆက်ရေး စိတ်ကူးများ ဖွံ့ဖြိုးစေရန် နောက်ထပ်အခွင့်အလမ်းများ ပံ့ပိုးပေးဖို့ ပြပွဲပြက္ခဒိန်ကို တိုးချဲ့ခဲ့သည်။ ဒေသတွင်း AAPI+ အနုပညာရှင်များအတွက် CelebrAsia Austin ကဲ့သို့ အခမ်းအနားပွဲများတွင် အတိုင်းအဖောက်ညီညီ ပါဝင်နိုင်ရန် ယာယီပြပွဲအစီအစဉ်များနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံနိုင်သည့် ပြပွဲအခွင့်အလမ်းများလည်း စီစဉ်ပေးထားပါသည်။



*"ကျွန်ုပ်၏ ဓာတိယဉ်ကျေးမှု နမူနာများကို မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပြီး အခြားအာရှယဉ်ကျေးမှုများကိုလည်း လေ့လာနေပါသည်။ AUSTIN ရှိ အာရှအမေရိကန် ရပ်ရွာအသိုက်အဝန်းများနှင့် ယဉ်ကျေးမှုများအကြောင်းကိုလည်း ကျွန်ုပ် လေ့လာသင်ယူခဲ့ပါသည်။ AUSTIN တွင် ဤကဲ့သို့ အခြားနေရာမရှိပါ။"*

**SILK CLUB ပြပွဲ တက်ရောက်သူ**



# ဝန်ထမ်းများ၏ ဆင်ခြင်သုံးသပ်ချက်

QUINN IN



ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုနိုင်ပြီး သမားရိုးကျမဟုတ်သည့် ပြပွဲကြည့်ရှုရာနေရာ ဖြစ်သည့်အလျောက် AARC သည် အထဲသို့ဝင်ရောက်လာသည့်သူတိုင်းကို များစွာသော အနုပညာ၊ သမိုင်းနှင့် ယဉ်ကျေးမှု ပုံစံများနှင့် ချက်ချင်းထိတွေ့စေပါသည်။ ထိုသို့သော တစ်မူထူးခြားပြီး အများနှစ်သက်သည့် နေရာတစ်ခု၏ လိုအပ်ချက်များကို ဟန်ချက်ညီအောင်လုပ်ဆောင်ခြင်းသည် အမြဲတမ်း စိတ်ဝင်စားစရာအခက်အခဲများကို ဖြစ်ပေါ် စေသော်လည်း ကျွန်ုပ်တို့၏ စည်ကားလာသော AAPI+ ရပ်ရွာအသိုက်အဝန်းများရှိ ကွဲပြားမှုအမျိုးမျိုးနှင့် အချင်းချင်းချိတ်ဆက်မှုကို မြင်တွေ့ရသည်မှာ အမှန်တကယ်အားရဖွယ်ရာဖြစ်ပါသည်။ ဤဖြစ်စဉ်ဇာတ်ကြောင်းများမှာ အများသူငှာ လက်လှမ်းမီသိရှိနိုင်ပြီး AARC သို့ မကြာခဏ ရောက်ရှိတတ်သော ရပ်ရွာအသိုက်အဝန်းများအတွက် ထက်သန်တက်ကြွဖွယ်ဖြစ်ကြောင်း မြင်တွေ့ရသည်မှာ ပို၍ပင်အားရဖွယ်ရာဖြစ်ပါသည်။ Silk Club ATX နှင့် Essentials Creative တို့ကဲ့သို့ အဖွဲ့များနှင့် မိတ်ဖက်ပြုဆောင်ရွက်ခြင်းဖြင့် ယခုနှစ်တွင် အပြောင်းအလဲအများဆုံးဖြစ်စေသော ပြပွဲအချို့နှင့် စီမံကိန်းအစီအစဉ်များကို ဖော်ဆောင်နိုင်ခဲ့ပြီး 24 ခု ဘဏ္ဍာရေးနှစ်အတွက် ကျွန်ုပ်တို့စီစဉ်ထားသော ပြပွဲများကို လူအများ တွေ့ကြုံခံစားစေလိုပါသည်။



# အထူးအစမ်းအနားပွဲများ

## TONES

ယခုနှစ်တွင် Tones အစီအစဉ်လေးခု ပါဝင်ပါသည် - ယင်းတို့မှာ ရင်းနှီးဖွယ်ရာ An Evening with Tones ရှိုးပွဲသုံးခုနှင့် ဒုတိယနှစ်ပတ်လည် Tones Festival တို့ ဖြစ်သည်။ ၎င်းတို့အားလုံးပေါင်းလိုက်လျှင် Austin အခြေစိုက် AAPI တီးဝိုင်း/ဂီတပညာရှင် 10 ဦးနှင့် AAPI ဂီတပညာရှင်မဟုတ်သော ဖန်တီးမှု 14 ခုကို ပြသနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် An Evening with Tones အခမ်းအနားပွဲများတွင် မည်သူမဆို လွတ်လပ်စွာ သီဆိုဖြေဖျော်နိုင်သော အစီအစဉ်ကို စတင်ထည့်သွင်းပေးထားပြီး ၎င်းမှတစ်ဆင့် Sandy Lam ကဲ့သို့ အနုပညာရှင်များကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါသည်။ Tones Festival သည် ပြပွဲသို့ရောက်ရှိလာသော လူကြီးလူငယ်များအတွက် အာရှဒေသ တူရိယာများကို ကောက်ယူပြီး တီးခတ်သင်ယူနိုင်သည့် တူရိယာလုပ်ရှားမှု အခန်းတစ်ခု စီစဉ်ရန် Artly World နှင့် မိတ်ဖက်ဆောင်ရွက်ပါသည်။ ခြုံငုံပြောရလျှင် ဤအခမ်းအနားပွဲများသည် အကောင်းမြင်သည့် တုံ့ ပြန်မှုများစွာ ရရှိခဲ့ပြီး ကျွန်ုပ်တို့၏ ဒေသတွင်း AAPI အနုပညာရှင်အသိုက်အဝန်းကို ပျိုးထောင်ပံ့ပိုးပေးရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြပါသည်။

*"[TONES] က ရှုးခါသွားအောင် လှုံ့ဆော်ပေးပါသည်။ ထိုကဲ့သို့လုပသော အခမ်းအနားပွဲမှာ ပါဝင်ခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။*

**PROMQUEEN ၊ TONES FESTIVAL ဖြေဖျော်သူ**





**TONES**

**အနုပညာရှင် 54 ဦး**
**စေတနာ့ဝန်ထမ်း 5 ဦး**
**အရွယ်ရောက်ပြီးသူများအတွက် အစီအစဉ်တွင် ပါဝင်သူ 360 ဦး**
**လူငယ်အစီအစဉ် ပါဝင်သူ 47 ဦး**
**အစီအစဉ်အားလုံး ပါဝင်သူ 466 ဦး**

"ကျွန်ုပ်တို့ အလွန်ပျော်ရွှင်ခဲ့ရပါသည်။ ကျွန်ုပ်တို့၏ လမ်းလျှောက်တတ်ကာစကလေးငယ်များသည် ဂီတနှင့် ကခုန်ခြင်းကို နှစ်သက်ပါသည်— အနာဂတ်မှာ နောက်ထပ် အနုပညာရှင်များစွာကို ကျွန်ုပ်တို့ ပံ့ပိုးပေးလိုပါသည်။"

**TONES ပွဲတော် တက်ရောက်သူ**

"ဤအတွေ့အကြုံသည် အလွန်ကောင်းသည့် အတွေ့အကြုံဖြစ်ပြီး AARC သို့ ကျွန်ုပ် ပထမဆုံးလာရောက်ခြင်းဖြစ်သည်။"

**TONES ပွဲတော် တက်ရောက်သူ**

# ဝန်ထမ်းများ၏ ဆင်ခြင်သုံးသပ်ချက်

MARLON HEDRICK

AAPI အနုပညာရှင်များကို ၎င်းတို့အသိုက်အဝန်းရှေ့မှာ ဖြေဖျော်ရန် နေရာတစ်ခုပေးခြင်းသည် အလွန်ကောင်းသည့်အရာတစ်ခု ဖြစ်သည်။ အနုပညာရှင်များစွာအတွက် ယဉ်ကျေးမှုစင်တာတွင် ဖြေဖျော်ရန် ပထမဆုံးအကြိမ် တောင်းဆိုခံရခြင်းဖြစ်ပြီး AARC တွင် ဖြေဖျော်တင်ဆက်ခြင်းသည် ၎င်းတို့၏ဇာတိလက္ခဏာများ၊ ယဉ်ကျေးမှုများ၊ အသိုက်အဝန်းများနှင့် တစ်သားတည်းခံစားရရန် ပန်းတိုင်သို့တက်လှမ်းရာ လှေကားထစ်တစ်ခုဖြစ်သည်။ ၎င်းတို့အနေဖြင့် တန်ဖိုးထားမှုကို ခံစားရစေရန် ၎င်းတို့ကို သင့်တော်သောအဖိုးခများ ပေးချေနိုင်စွမ်းရှိခြင်းမှာ အလွန်ကောင်းပါသည်။ ဤအကြောင်းအချက်များကြောင့် ကျွန်ုပ်တို့၏အနုပညာရှင်များအနေဖြင့် လုံခြုံမှုရှိကြောင်းနှင့် ၎င်းတို့၏အနုပညာနှင့် အားနည်းချက်ကို အမြင့်ဆုံးထုတ်ဖော်ပြသနိုင်စေရန် ပံ့ပိုးမှုရှိကြောင်း ခံစားရပါမည်။ အနုပညာရှင်များစွာက Tones တွင် ဖြေဖျော်တင်ဆက်ခြင်းကို ၎င်းတို့ မည်သည့်အခါမှ မေ့မည်မဟုတ်ဟု ပြောဆိုကြသည် - ယင်းမှာ ကျွန်ုပ်အတွက် အရာရာဖြစ်ပါသည်။





**CELEBRASIA**

**အနုပညာရှင် 130 ဦး**
**စေတနာ့ဝန်ထမ်း 183 ဦး**
**အရွယ်ရောက်ပြီးသူများအတွက် အစီအစဉ်တွင် ပါဝင်သူ 1668 ဦး**
**လူငယ်အစီအစဉ် ပါဝင်သူ 250 ဦး**
**အစီအစဉ်အားလုံး ပါဝင်သူ 1918 ဦး**

## CELEBRASIA

AARC သည် ၎င်း၏ 10 ကြိမ်မြောက် နှစ်ပတ်လည် CelebrASIA Austin အခမ်းအနားကို 2023 ခုနှစ်၊ မေလ 13 ရက်နေ့တွင် ကျင်းပခဲ့သည်။ CelebrASIA Austin 2023 တွင် အနုပညာရှင် 11 ဦး အထူးပါဝင်ထားသည့် ယာယီပြပွဲတစ်ရပ်နှင့် ဇင်ဥယျာဉ် (Zen Garden) ထဲတွင် နေရာပြင်ဆင်ခြင်းအပြင် အခြားပြပွဲသုံးခုကို တင်ဆက်ပြသပါသည်။ ရပ်ရွာအသိုက်အဝန်း အဖွဲ့အစည်းခြောက်ခုသည် စာသင်ခန်းများကို အပြန်အလှန်တုံ့ ပြန်ဆွေးနွေးနိုင်သော အလုပ်ရုံဆွေးနွေးပွဲများ၊ သမိုင်းနောက်ခံများနှင့် အခြားအရာများပါသည့် ယဉ်ကျေးမှုဆိုင်ရာ နှစ်မြှုပ်ခံစားနိုင်သော အခန်းများအဖြစ် ပြောင်းလဲပေးခဲ့သည်။ ပါဝင်သူများက ဖြေဖျော်သူ 16 ဦး၏ ထူးကဲသော ဖြေဖျော်တင်ဆက်ပြသမှုကို နှစ်သက်ခံစားနေစဉ် ရပ်ရွာအသိုက်အဝန်း အဖွဲ့အစည်းများနှင့် အစားအစာရောင်းချသူများဖြင့် ကပွဲခန်းမအတွင်း ပြည့်နှက်နေပါသည်။ ရာသီဥတုကြောင့် အမိုးအကာအောက်သို့ ပြောင်းရွှေ့လိုက်ရသော်လည်း ယခုနှစ်၏ အခမ်းအနားပွဲသည် တက်ရောက်ပါဝင်သူ 1,918 နှင့် စံချိန်တင်ခဲ့ပါသည်။

## ဝန်ထမ်းများ၏ ဆင်ခြင်သုံးသပ်ချက်

BIANCA XOYAMAYAGUA-GALVAN

2023 ပွဲတော်သည် ရပ်ရွာအသိုက်အဝန်းနှင့် ယဉ်ကျေးမှုအပေါ် AARC အခြေပြုရပ်တည်လာသည်မှာ 10 နှစ်ပြည့်သည့် အမှတ်တရဖြစ်သည်။ 2013 ခုနှစ် စဖွင့်စဉ်အချိန်ကတည်းက AARC တွင် ရှိနေသောကြောင့် CelebrASIA သည် ကျယ်ပြန့်တိုးတက်လာပြီး ကျွန်ုပ်တို့၏ အမွေအနှစ်နှင့် ဇာတိလက္ခဏာများကို အထူးဂုဏ်ပြုဆင်နွှဲရန် စီစဉ်ရာတွင် ဝန်ထမ်းတစ်ဦးစီက ၎င်းတို့၏ ဖန်တီးမှုစွမ်းရည်နှင့် ဂရုပြုအလေးထားမှုကို ပေးစွမ်းသည့်အတွက် အောင်မြင်လာခဲ့ပါသည်။ ရပ်ရွာအသိုက်အဝန်းအတွင်း စားသောက်ဖွယ်ရာမျှဝေခြင်း၊ ယဉ်ကျေးမှုမျှဝေခြင်းနှင့် ဂုဏ်ယူစရာများကို အတူတကွမျှဝေခြင်းတို့က ဤအခမ်းအနားပွဲကို ထူးကဲစေပါသည်။

*"ယင်းမှာ အလွန်ကောင်းသည့် အခမ်းအနားပွဲတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယဉ်ကျေးမှုကို မျှဝေရာတွင် နှစ်သက်ခဲ့ပြီး အလွန်ပျော်ရွှင်ခဲ့ရပါသည်။ ကျေးဇူးတင်ပါသည်။"*

**GRACE၊ AUSTIN FASCA အကြံပေးပုဂ္ဂိုလ်**

# စေတနာ့ဝန်ထမ်း အစီအစဉ်

AARC စေတနာ့ဝန်ထမ်းများသည် စင်တာတစ်ခုအဖြစ် ကျွန်ုပ်တို့လုပ်ဆောင်သော ယဉ်ကျေးမှုဆောင်ရွက်ချက်များအတွက် အခရာကျပြီး ၎င်းတို့၏ဝန်ဆောင်မှုနှင့် ကျွမ်းကျင်မှုကို နေ့စဉ်ပံ့ပိုးပေးနေပါသည်။ စေတနာ့ဝန်ထမ်း အစီအစဉ်သည် ရပ်ရွာအသိုက်အဝန်းတည်ဆောက်ရေးနှင့် မျိုးဆက်များအကြား ချိတ်ဆက်မှုများ တည်ဆောက်ရေးအတွက် နေရာတစ်ခု ပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့၏ အတိတ်နှင့် လက်ရှိ AmeriCorp VISTA စေတနာ့ဝန်ထမ်း ညှိနှိုင်းဆောင်ရွက်သူများ၏ လုပ်ဆောင်မှုကြောင့် ယခုနှစ်အထိ ဤအစီအစဉ် ဆက်လက်ရှင်သန်နေပါသည်။ ကျွန်ုပ်တို့၏ စေတနာ့ဝန်ထမ်းများ၏ ပံ့ပိုးမှုမပါဘဲ ကျွန်ုပ်တို့၏အစီအစဉ် အောင်မြင်မည်မဟုတ်ပါ။ AARC အပေါ်မှာ အချိန်နှင့် အင်အား နှစ်မြှုပ်ဆောင်ရွက်ခဲ့သော စေတနာ့ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ပါသည်။

**အင်္ဂလိပ်ဘာသာ အထူးသီးသန့်အခန်း**

**TONES ပွဲတော်**

**AAPI ကျန်းမာရေးပွဲတော်**

**နည်းပညာသင်တန်း အထောက်အကူ**

**CELEBRASIA**


**တရုတ်နှစ်သစ်ကူး ဈေးပွဲတော်**

**သက်ကြီးအားလပ်ရက် အခမ်းအနားပွဲ ပြင်ဆင်မှု**

**WONG FAYE ဂုဏ်ပြုပွဲ**

**AUSTIN ဗီယက်နမ် အမေရိကန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့အစည်း ကျန်းမာရေးပွဲတော်**

**ရပ်ရွာအသိုက်အဝန်း ကျန်းမာရေးပွဲတော်- AARC, AUSTIN ပြည်သူ့ကျန်းမာရေး၊ AUSTIN အာရှအသိုက်အဝန်း ကျန်းမာရေးဆောင်ရွက်မှု**



**စေတနာ့ဝန်ထမ်း 108 ဦး**
**လုပ်အားပေးချိန် 435.9 နာရီ**

**စေတနာ့ဝန်ထမ်းများမှ—**

*“သက်ကြီးများနှင့် သိကျွမ်းရသည့် အချိန်တွင် အလွန်ပျော်ရွှင်ရခဲ့ပါသည်။”*

*“ယင်းမှာ ပျော်စရာအတွေ့အကြုံတစ်ခုဖြစ်သည်။ ကျွန်ုပ် ပျော်ရွှင်ခဲ့ရပါသည်၊ နောက်တစ်ဖန် စေတနာ့ဝန်ထမ်းလုပ်ရန် မစောင့်စားနိုင်တော့ပါ။”*

*“လူတိုင်းက အလွန်ဖော်ရွေပါသည်။ MS. KANG ၏ တစ်နေ့တာကို သက်ဝင်လှုပ်ရှားစေရန် ကျွန်ုပ် စွမ်းနိုင်တော့မည်အလား ခံစားရပါသည်။ ယင်းမှာ တကယ်ကောင်းမွန်သည့် အတွေ့အကြုံတစ်ခုဖြစ်သည်။”*

American Gateways

Asian American Quality of Life Commission

Asian Family Support Services of Austin

Asian Texans for Justice

Austin Asian Community Health Initiative

Austin Filipino American Association

Austin Free-Net

Austin History Center

Austin Hospice, The GIFT Project

AGE of Central TX

Austin Public Health

Austin Sister Cities International

Austin Symphony Orchestra

Austin Tai Chi and Qigoing Schools

Austin Community College

Austin Asian American Film Festival

Austin Vietnamese American Medical Professional Society

Austin Public Library

Aux Aux

B Tru Arts

Cine Las Americas

Central Texas Food Bank

City of Austin Economic Development Department

City of Austin Equity Office

City of Austin, Parks & Recreation Senior Transportation

Clayton and Ramirez Law Firm

Common Threads

George Washington Carver Museum

Greater Austin Asian Chamber of Commerce

Dance Waterloo

Dougherty Arts Center

Emma S. Barrientos Mexican American Cultural Center

Essentials Creative

Meals on Wheels of Central Texas

Network Asian American Organizations

NALEO

Silk Club ATX

Texas Humanities

TX AFL-CIO

Travis County

Travis County Master Gardeners

The University of Texas at Austin - Center for Asian American Studies

Waterloo Greenway

# ရပ်ရွာအသိုက်အဝန်း မိတ်ဖက်ဆောင်ရွက်မှုများ

# 23 ခု ဘဏ္ဍာရေးနှစ် အခမ်းအနားပွဲများ

AARC ဆောင်းဦး/ဆောင်းရာသီ 2022 ခုနှစ်ပြပွဲ ညှိနှိုင်းကြိုဌာန-
Visions of Asia၊ AVAFEST 2022 - Jae Kwon ၊ ရပ်ရွာအသိုက်အဝန်း စူးစမ်းရှာဖွေခြင်း

AARC နွေဦး/နွေရာသီ 2023 ခုနှစ်ပြပွဲ ညှိနှိုင်းကြိုဌာနနှင့် ကြယ်သီးပြုလုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ-
Veeny Revilla's Sad Girls, Perlas ng Austin- အနုပညာများမှတဆင့် တမလွန်လောက-
ဖင်ဥယျာဉ် - Essentials Creative

Austin ရပ်ရွာအသိုက်အဝန်းကောလိပ် - ဒုတိယဘာသာစကားအဖြစ် အင်္ဂလိပ်စာသင်ယူရေး

An Evening with Tones

Anthopoeia- ပန်းပွင့်များဖန်တီးခြင်း - တက္ကဆက်ပြည်နယ်အနှံ့
AAPI+ စက္ကူအာရုံ အနုပညာရှင်များ၏ စက္ကူအာရုံ ဓာတ်ပုံစုစည်းချက်

တရားရေးရာ ကူညီပေးရေးစင်တာမှ ရှေ့နေတစ်ဦးကို မေးပါ

Austin ဗီယက်နမ် အမေရိကန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့အစည်း
ကျန်းမာရေးပွဲတော်

Boombox Hero - ဟစ်ဟော့ ဖူအက (Hip-Hop Fu Dance)

ပင်လယ်ဖြတ် ပေါင်းကူးတံတားထိုးခြင်း (Bridging the Seas) ပွဲတော်ညှိနှိုင်းကြိုဌာန

CelebrASIA Austin

Citizenship ဆေးခန်း

ရပ်ရွာအသိုက်အဝန်းပြပွဲ အစီအစဉ် အနုပညာရှင်ဖိတ်ခေါ်မှုအချက်အလက် ကဏ္ဍ

ရပ်ရွာလူထု ကျန်းမာရေးပွဲတော် - AARC ၊ Austin ပြည်သူ့ကျန်းမာရေး၊
Austin အာရှရပ်ရွာအသိုက်အဝန်း ကျန်းမာရေးဆောင်ရွက်မှု

ချက်ပြုတ်ရေးစွမ်းရည်များနှင့် ကမ္ဘာ့ဟင်းချက်ပြုတ်နည်း

အိမ်ခြံမြေစီမံကိန်း တရားရေးရာကူညီပေးရေး စင်တာ

ဖန်တီးမှုစွမ်းရည်ဖြင့် ခံနိုင်ရည်ကို ရှာဖွေခြင်း- Silk Club ATX ပြပွဲ ညွှန်ကြားဌာန
နှင့် Zine ပြုလုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ

ဥယျာဉ်၌ စုဝေးခြင်း

Greater Austin ကုန်သည်ကြီးများအသင်း အထူးသင်တန်း

ထမင်းစားပြီးပြီလား။ (Have You Eaten Yet?) AAPI မိသားစုများအတွင်း
မျိုးဆက်များအကြား ဆက်သွယ်ရေး

Hyphenated - အာရှအမေရိကန် စာအုပ်ကလပ် စီးရီး

စာကြည့်တိုက်ငှားခြင်း - လူငယ်များအတွက် အကသင်တန်းများ

စာကြည့်တိုက်ငှားခြင်း - လူငယ်များအတွက် ဂီတသင်တန်းများ

တရုတ်နှစ်သစ်ကူး ဈေးပွဲတော်

Emma S. Barrientos မက်ဆီကန် အမေရိကန် ယဉ်ကျေးမှုစင်တာ နွေရာသီစခန်း

Manzanar, Diverted- Austin အာရှအမေရိကန် ရုပ်ရှင်ပွဲတော် ပူးပေါင်းဆောင်ရွက်မှု

နံနက်ခင်း ကျက်သရေ (Morning Glories) - Waterloo Greenway ပုံပြင်ပြောချိန် စီးရီး

သက်ကြီးအားလပ်ရက်

ပုံပြင်များ ပြောခြင်း - ပုံပြင်ပြောခြင်း မိတ်ဆက်

နွေဦးရာသီ ပုံပြင်ပြောချိန်

သကြားနှင့် ဟင်းခတ်အမွှေးအကြိုင်


Tones ပွဲတော်

Travis ကောင်တီ ရွေးကောက်ပွဲနေ့ မဲပေးခြင်း

Wong Fei ဂုဏ်ပြုပွဲ

လူတိုင်းအတွက် ယောဂ

လူငယ်အသံမြှင့်တင်ရေး







# အာရှ အမေရိကန် အရင်းအမြစ်စင်တာ

8401 CAMERON ROAD
AUSTIN, TEXAS 78754
(512) 974-1700
AUSTINTEXAS.GOV/AARC
AARC@AUSTINTEXAS.GOV

FACEBOOK.COM/AARCATX
INSTAGRAM.COM/AARCATX
ကျွန်ုပ်တို့သတင်းစာကို စာရင်းသွင်းရယူပါ

Austin မြို့တော်သည် အမေရိကန် မသန်စွမ်းအက်ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ကတိပေးထားပါသည်။ အကျိုးသင့်အကြောင်းသင့် မွမ်းမံပြုပြင်မှုများနှင့် ပြောဆိုဆက်သွယ်မှုများအား သာတူညီမျှ ရရှိခွင့်ကို တောင်းခံသည့်အခါ ပံ့ပိုးပေးသွားမည်။ အကူအညီအတွက် ကျေးဇူးပြု၍ (512) 974-3914 သို့မဟုတ် Relay Texas 7-1-1 သို့ ဆက်သွယ်ပါ။